
- ရောဂါပိုးရှိ/မရှိစစ်ဆေးခြင်းနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၏ ထိရောက်မှုကို လျော့ကျနိုင်ခြေရှိခြင်းတို့ဖြစ်ပါသည်။

**ိုးရိမ်ဖွယ်ရောဂါကူးစက်မှုအန္တရာယ်ရှိသည့် မျိုးရိုးဗီဇပြောင်းကိုရိုနာ ဗိုင်းရပ်စ်ရောဂါပိုးများ (Variants f Concern- VOCs)**

| ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုး မျိုးကွဲအမည် | မျိုးစိတ် | စတင်တွေ့ရှိသည့် နိုင်ငံ | စတင် တွေ့ရှိသည့် အချိန် | မြန်မာ နိုင်ငံတွင် တွေ့ရှိရခြင်း ရှိ/မရှိ |
|---|---|---|---|---|
| Alpha | B.1.1.7 | United Kingdom | September, 2020 | ရှိ (၃.၆.၂၀၂၁) |
| Beta | B.1.351 | South Africa | May, 2020 | မရှိသေး |
| Gamma | P.1 | Brazil | November, 2020 | မရှိသေး |
| Delta | B.1.617.2 | India | October, 2020 | ရှိ (၃.၆.၂၀၂၁) |




ပုံ(၄) ကိုရိုနာဗိုင်းရပ်စ်၏ ဆူးချွန် (Spike Protein) တွင် မျိုးရိုးဗီဇများပြောင်းလဲ၍ (Alpha, B.1.1.7) မျိုးစိတ်အဖြစ် ပြောင်းလဲပေါ်ထွက်လာပုံ

(ခ) **သတိပြု၍စောင့်ကြည့်ရမည့် (Variants of Interest- VOIs) အုပ်စု**

၎င်းအုပ်စုတွင်ပါဝင်သော မျိုးရိုးဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးများသည် ကူးစက်ပျံ့နှံ့နိုင်မှုနှုန်းပိုမိုမြင့်မားစွာဖြင့် ကမ္ဘာ့နိုင်ငံအများအပြားတွင်ကူးစက်ပျံ့နှံ့လျက်ရှိခြင်းကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ၎င်းရောဂါပိုးများကို သတိပြု၍စောင့်ကြည့်ရမည့်စာရင်းတွင် ထည့်သွင်းထားရှိခြင်းဖြစ်ပါသည်။